# ကျွန်ုပ်ကလေး၏ တစ်ဦးချင်းသီးသန့် ပညာရေး အစီအစဉ်ကို ဖန်တီးခြင်း



သင့်ကလေးသည် အထူးပညာရေးအတွက် သတ်မှတ်ချက်ပြည့်မီကြောင်း အသိအမှတ်ပြုခံရပြီးနောက် သင့်တော်သော ပညာရေး ရရှိရန် သင့်ကလေးတွင် ၎င်းတို့လိုအပ်သည့် ညွှန်ကြားမှုဆိုင်ရာ ပံ့ပိုးမှုများနှင့် နေရာထိုင်ခင်းများ ရရှိစေရန် ကျောင်းသည် သင်နှင့်အတူ အစီအစဉ်တစ်ခု ချမှတ်ပါမည်။ ဤအစီအစဉ်ကို တစ်ဦးချင်းသီးသန့် ပညာရေးအစီအစဉ် သို့မဟုတ် IEP ဟု ခေါ်သည်။

## ကျွန်ုပ်ကလေး၏ IEP ကို ဘယ်လို အကောင်အထည်ဖော်သလဲ။

- သင့်ကလေး၏ ကျောင်းသည် နှစ်တိုင်း အစီအစဉ် ဖွံ့ဖြိုးတိုးတက်စေရန် IEP တွေ့ဆုံပွဲတွင် သင့်အားပါဝင်ရန် ဖိတ်ခေါ်ပါမည်။ အဖွဲ့ထဲရှိ အခြားသူများတွင် သင့်ကလေး၏ ဆရာ/ဆရာများ၊ ကျောင်းနယ်မြေခရိုင်မှ ကိုယ်စားလှယ်တစ်ဦး၊ ကျောင်းစိတ်ပညာရှင်တစ်ဦးနှင့် အခြားပညာရှင်များ ပါဝင်နိုင်ပါသည်။
- **သင့်ကလေးအား IEP တွေ့ဆုံပွဲများသို့ တက်ရောက်ရန်နှင့် တွေ့ဆုံပွဲများအား ဦးဆောင်ရန်ပင် အားပေးပါသည်။** အထူးသဖြင့် သင့်ကလေးသည် အသက်ပိုကြီး၍ အထက်တန်း ကျောင်းတက်နေလျှင် ၎င်းသည် အရေးကြီးပါသည်။
- **သင်၏ စီမံခန့်ခွဲရေး မန်နေဂျာအပါအဝင် သင့်ကလေးနှင့်ပတ်သက်၍ အသိပညာ သို့မဟုတ် ကျွမ်းကျင်မှုရှိသူ တစ်ဦးဦးကို သင့်ကလေး၏ IEP တွေ့ဆုံပွဲသို့ ဖိတ်ခေါ်နိုင်ပါသည်။**
- **ကျောင်းသည် ဤတွေ့ဆုံပွဲအတွက် သင်၏ မိခင်ဘာသာစကားပြောသော စကားပြန်တစ်ဦးကို ပံ့ပိုးပေးရမည်ဖြစ်သည်။**

## IEP တွေ့ဆုံပွဲပြီးနောက် ဘာဖြစ်မလဲ။

အဖွဲ့က IEP ကို အကောင်အထည် ဖော်လိုက်သည်နှင့် သင့်ကလေး၏ ကျောင်းသည် ဖော်ပြထားသည့်အတိုင်း ဝန်ဆောင်မှုများနှင့် အထောက်အပံ့များကို သင့်ကလေးအား ပံ့ပိုးပေးခြင်းဖြင့် IEP ကို လိုက်နာရပါမည်။ IEP အဖွဲ့သည် IEP ကို ဆန်းစစ်သုံးသပ်ရန်နှင့်နောက်ဆုံးအကြောင်းအရာများ သိစေန် နှစ်စဉ်နှစ်တိုင်း အနည်းဆုံး တစ်ကြိမ် တွေ့ဆုံစည်းဝေးပါမည်။ သင်သည် ပုံမှန် နှစ်စဉ် တွေ့ဆုံပွဲများ၏ကြား ချိန်တွင် တွေ့ဆုံလိုလျှင် IEP တွေ့ဆုံပွဲအတွက် ကျောင်းသို့တောင်းဆိုစာတစ်စောင် ရေးသား၍ အချိန်မရွေး တင်ပြနိုင်ပါသည်။ ကျောင်းသည် သင်တောင်းဆိုမှု၏ကျောင်း တက်ရက် 45 ရက်အတွင်း တွေ့ဆုံပွဲကို စီစဉ်ရပါမည်။



သင့်ကလေးသည် IEP ရရှိရန် အရည်အချင်း မပြည့်မီလျှင် **504 အစီ**အစဉ်စ်ခုကို ၎င်းတို့ ရရှိကောင်း ရရှိနိုင်ပါသည်။ *ကျွန်ုပ်တို့၏ကျွန်ုပ်၏ကလေးသည် အထူးပညာရေးအတွက် သတ်မှတ်ချက် မပြည့်မီလျှင် ဘာလုပ်ရမလဲ* ကြေညာစာတမ်းတွင်**504 အစီအစဉ်များ** အကြောင်း နောက်ထပ် လေ့လာပါ။

Beyond Flight
ARIZONA MY HOME
*Along the path of freedom lie the seeds of hope*

**Arizona Refugee Resettlement Program**
**(အရီဇိုးနား ပြည်နယ် ဒုက္ခသည်ပြန်လည်နေရာချထားရေး အစီအစဉ်)**
**1789 West Jefferson**
**Phoenix, Arizona 85007**
**ဖုန်း- (602) 542-6045**

Arizona Developmental Disabilities Planning Council℠